# စာရေးသူအမှာ

ကျွန်တော်တို့ ဂျပန်ဘာသာစကားကို စတင်လေ့လာခဲ့ကတည်းက Verb Group သုံးမျိုးရှိတယ်ဆိုပြီး ကြိယာစာလုံးတွေကို အမျိုးအစားခွဲခွားပြီး မှတ်သားလေ့လာခဲ့ကြပါတယ်။ Verb Group 1,2,3 ဆိုပြီး ကျွန်တော်တို့ အလွယ်ခေါ်တဲ့ စာလုံးတွေမှာ ဂျပန်အခေါ်နာမည်လည်း ရှိပါသေးတယ်။ Group 1 Verb ကို တစ်နည်းအားဖြင့် Godan Verb （五段動詞）ဆိုပြီးလည်း ခေါ်ပါတယ်။ Group 2 Verb စာလုံးတွေကို Ichidan Verb （一段動詞）လို့ ခေါ်လို့ရသေးတာ ဖြစ်ပါတယ်။ Group 3 စာလုံး（する、来る）ကတော့ Fukisoku Verb （不規則動詞） တစ်နည်းအားဖြင့် irregular verb လို့ ခေါ်ပါတယ်။ ဒီအထိကတော့ Verb Group သုံးမျိုးရဲ့ အခြားနာမည်တွေ ဖြစ်ပြီးပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ လေ့လာနေတဲ့ ဂျပန်ဘာသာစာလုံးတွေကို

1. ဂျပန်စတိုင်စာလုံး ➲ 和語（わごどうし）
2. တရုတ်စလုံးများအထူးပြုထားသောစာလုံး ➲ 漢語（かんご）
3. နိုင်ငံခြားဘာသာစကားလုံးများ ➲ 外来語（がいらいご）
4. အရောစာလုံးများ ➲ 混種語（こんしゅご） ဆိုပြီး ထပ်မံခွဲခြားလေ့လာလို့ရမှာဖြစ်ပါတယ်။

ဥပမာ -

速さ（はやさ） ➲ Speed (和語)

速度（そくど） ➲ Speed（漢語）

スピード ➲ Speed（外来語） ဆိုပြီးဖြစ်ပါတယ်။ 長ズボン（ながズボン）လိုမျိုး ပေါင်းရေးထားတဲ့စာလုံးတွေကတော့ 混種語 လေးတွေဖြစ်ပါတယ်။ Verb ဆိုရင်လည်း အတူတူပါပဲ။

食べる（たべる）➲ စားသည် 和語（わご）

食事する（しょくじする）➲ စားသောက်သည် 漢語（かんご） ဆိုတာမျိုး ဖြစ်ပါတယ်။

အခု ဒီစာအုပ်ကလေးထဲမှာတော့ 和語動詞（わごどうし）တွေကို စုစုစည်းစည်းဖြင့် တပါကြီး လေ့လာကျက်မှတ်နိုင်မှာ ဖြစ်ပါတယ်။

လေးစားစွာဖြင့်

Tsukimi (Ngu War Kyaw Oo)